ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရေခွက်ကို လှန်ပြီးလျှင် ရှင်ရာဟုလာကို မေးတော် မူပြန်သည်မှာ–"ရာဟုလာ....လှန်ထားသော ရေခွက်ထဲမှာ ဘာမျှမရှိတာကို မြင်ရဲ့လား။"

ရာဟုလာ။ ။မြင်ပါသည် အရှင်ဘုရား။

ဘုရားရှင်။ ။"ရာဟုလာ.... မုသားပြောရမှာကို မရှက်တတ်သော ရဟန်းသာမဏေတို့မှာလဲ (ဟောဒီ ရေခွက်ထဲ၌ ဘာမျှ မရှိတော့သလို) ကိုယ်ကျင့်တရား ဘာမျှမရှိတော့ဘူး" လို့ မှတ်ထား။

ရာဟုလာ....မုသား ပြောရမည်ကို မရှက်တတ်သူသည် ဘယ်မကောင်းမှုမှ မပြုဝံ့တာ မရှိတော့၊ မကောင်းမှုဟူသမျှ ပြုဝံ့တော့၏၊ ထို့ကြောင့် "မုသားဆိုလျှင် ပြောင်သလို လှောင်သလိုတောင်မှ မပြောမိအောင် ရှောင်ကြဉ်မည်"ဟု သတိထား၍ ကြိုးစားပြီး ကျင့်ရမယ်။

## မှန် ဥပမာပြ၍ ဩဝါဒပေးတော်မူခြင်း

ဘုရားရှင်။ ။ရာဟုလာ ...မှန်ဖြင့် ဘာလုပ်ကြသလဲ။

ရာဟုလာ။ ။မှန်ဖြင့် မျက်နှာ၌ အပြစ်ရှိ-မရှိ ကြည့်ကြပါတယ်။

ဘုရားရှင်။ ။ရာဟုလာ.... မှန်ကို ကြည့်၍ မျက်နှာကို ပြုပြင်ကြသလို့, ကိုယ်မှု နှုတ်မှု စိတ်မှုများကိုလည်း ပြုသင့်–မပြုသင့် နှိုင်းချင့်ပြီးမှ ပြုသင့်တာကိုသာ ပြုရသည်။